Australian Government | Australian Charities and Not-for-profits Commission

ပြင်ပစီမံမှုစံနှုန်းများ

အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများအပြင်၊ ဩစတြေးလျနိုင်ငံပြင်ပ ဆောင်ရွက်မှုရှိသည့် သို့မဟုတ် ငွေပို့သည့် ပရဟိတအဖွဲ့များအားလုံးသည် ပြင်ပစီမံမှုစံနှုန်းများဟုခေါ်သော စည်းမျဉ်း လေးချက်ကို လိုက်နာရပါတယ်။ ယင်းတွင် နိုင်ငံရပ်ခြားသို့ ငွေအနည်းငယ်သာ ပေးပို့သည့် ပရဟိတအဖွဲ့များနှင့် နိုင်ငံရပ်ခြားတွင် ဝန်ဆောင်မှုများ ပေးနိုင်ရန် အခြားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် ပရဟိတအဖွဲ့များလည်း ပါဝင်ပါတယ်။

'အခြေခံ ဘာသာရေးပရဟိတအဖွဲ့များ'အဖြစ် သတ်မှတ်ထားသော ပရဟိတအဖွဲ့များလည်း ပြင်ပစီမံမှုစံနှုန်းများကို လိုက်နာရပါတယ်။

ပြင်ပစီမံမှုစံနှုန်း ၁ က ပရဟိတအဖွဲ့ နိုင်ငံရပ်ခြားမှာ လုပ်ငန်းဆောင်ရွက်ပုံနှင့် ၎င်း၏ အရင်းအမြစ်များ စီမံခန့်ခွဲပုံကို အဓိကထားပါတယ်။

ဩစတြေးလျနိုင်ငံပြင်ပမှာ လုပ်ငန်းဆောင်ရွက်သည့်အခါ ပရဟိတအဖွဲ့က ပညာရေး၊ ဘာသာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကဲ့သို့သော ပရဟိတရည်ရွယ်ချက်ကို အမှန်တကယ် ရှေ့ရှုလုပ်ဆောင်ရမည်ဖြစ်ပြီး၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အဖြစ်လည်း ဆက်လက် လည်ပတ်ရပါမယ်။ ဆိုလိုသည်မှာ ပရဟိတအဖွဲ့က ရရှိသည့် ငွေကြေးအားလုံးကို ပရဟိတအဖွဲ့ကိုယ်စား လုပ်ငန်းဆောင်ရွက်ပေးရန် တတိယအဖွဲ့ထံ ပေးအပ်သော ငွေကြေးများအပါအဝင် ၎င်း၏ ပရဟိတရည်ရွယ်ချက်အတွက် ထောက်ပံ့ရန်သာ အသုံးပြုရမှာ ဖြစ်ပါတယ်။

ပရဟိတအဖွဲ့က ငွေကြေးအပါအဝင် မိမိ၏ အရင်းအမြစ်များကို တာဝန်ယူမှုရှိစွာ အသုံးပြုရမည်ဖြစ်ပြီး၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်လုပ်ငန်းများအား ငွေထောက်ပံ့မှု၊ ကျွန်ပြုမှု၊ လူမှောင်ခိုကူးမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ကဲ့သို့ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးသည့် ဩစတြေးလျဥပဒေများကိုလည်း လိုက်နာရပါမယ်။

ပြင်ပစီမံမှုစံနှုန်း ၂ က ပရဟိတအဖွဲ့များအနေဖြင့် နိုင်ငံရပ်ခြား လုပ်ဆောင် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် နိုင်ငံရပ်ခြားတွင် သုံးစွဲသော ငွေကြေးများအတွက် စနစ်တကျ မှတ်တမ်းများ ထိန်းသိမ်းထားရန် လိုအပ်ပါတယ်။

ထိုမှတ်တမ်းများမှာ ဘဏ်စာရင်းရှင်းတမ်းများကဲ့သို့သော ဘဏ္ဍာရေးအကြောင်းများနှင့် ပရဟိတအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှုများကဲ့သို့ လုပ်ငန်းအကြောင်းများ ပါဝင်နိုင်ပါတယ်။ ပရဟိတအဖွဲ့က နိုင်ငံရပ်ခြားရှိ မိတ်ဖက်အဖွဲ့များ သို့မဟုတ် အခြားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါက၊ ထိုဆက်ဆံရေးများနှင့် သက်ဆိုင်သော မှတ်တမ်းများကိုလည်း ထိန်းသိမ်းထားသင့်ပါတယ်။ ဤရည်ရွယ်ချက်မှာ ပရဟိတအဖွဲ့အနေဖြင့် နှစ်စဉ် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်ခဲ့သည့်နေရာများနှင့် နိုင်ငံတစ်နိုင်ငံချင်းစီတွင် အသုံးပြုခဲ့သောငွေများကို ရှင်းလင်းစွာ အစီရင်ခံတင်ပြနိုင်ရန် လုံလောက်သော အချက်အလက်များ ရှိနေစေရန် ဖြစ်ပါတယ်။

မှတ်တမ်းများကို အခြားဘာသာဖြင့် သိမ်းဆည်းနိုင်သော်လည်း၊ လိုအပ်ပါက အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ရန် လွယ်ကူရပါမယ်။

ပြင်ပစီမံမှုစံနှုန်း ၃ မှာ အကျင့်ပျက်ခြစားမှု၊ လိမ်လည်မှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ ဖြစ်ပေါ်နိုင်ခြေများကို လျှော့ချခြင်းအကြောင်း ဖြစ်ပါတယ်။

ပရဟိတအဖွဲ့များဟာ လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှုနှင့် မလျော်ကန်သော လုပ်ရပ်များ ကာကွယ်နိုင်ရန် မူဝါဒများ ချမှတ်ထားခြင်းနှင့် အကျိုးစီးပွားဝိရောဓိများ စီမံခန့်ခွဲရန် လုပ်ထုံးလုပ်နည်းများ ထားရှိခြင်းကဲ့သို့သော လက်တွေ့ကျကျ အဆင့်များ ရှိထားသင့်ပါတယ်။ ပရဟိတအဖွဲ့ဟာ နိုင်ငံရပ်ခြားရှိ အခြားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါက၊ ထိုအဖွဲ့များသည်လည်း လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုကို ကာကွယ်ရန်နှင့် အကျိုးစီးပွားဝိရောဓိများကို စီမံခန့်ခွဲရန် အလားတူ အစီအမံများကို ဆောင်ရွက်ထားကြောင်း စစ်ဆေးသင့်ပါတယ်။

ပြင်ပစီမံမှုစံနှုန်း ၄ မှာ ပရဟိတအဖွဲ့က နိုင်ငံရပ်ခြားတွင် လုပ်ငန်းဆောင်ရွက်သည့်အခါ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများစသော ထိလွယ်ရှလွယ်ဖြစ်နိုင်သူများ၏ ဘေးကင်းလုံခြုံရေးကို ကာကွယ်ပေးရန် ရည်ရွယ်ပါတယ်။

၎င်းတွင် ပရဟိတအဖွဲ့မှ ကူညီပံ့ပိုးပေးနေသူများနှင့် ထိုအဖွဲ့တွင် အလုပ်လုပ်သူများ သို့မဟုတ် စေတနာ့ဝန်ထမ်းများလည်း ပါဝင်ပါတယ်။ လူတစ်ဦးဟာ အသက်အရွယ်၊ နာမကျန်းမှု၊ မသန်စွမ်းမှု၊ စိတ်ဒဏ်ရာရရှိမှု သို့မဟုတ် အခြားသော အားနည်းချက်ပုံစံများကြောင့် ထိလွယ်ရှလွယ် ဖြစ်နိုင်ပါတယ်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပရဟိတအဖွဲ့ဟာ ထိလွယ်ရှလွယ်ဖြစ်နိုင်သူများကို ကာကွယ်ရန်နှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် အာမခံနိုင်ရန် သင့်လျော်သောအဆင့်များကို ပြုလုပ်ရပါမယ်။

မြန်မာဘာသာဖြင့် သတင်းအချက်အလက်များကို ပိုမိုသိရှိနိုင်ရန်အတွက် ဆက်သွယ်ရာတွင် Translating and Interpreting Service ကို 13 14 50 မှ ဖုန်းခေါ်ပြီး ACNC ဖုန်း 13 22 62 ကို ဆက်သွယ်ပေးရန် ပြောဆိုပါ။